# ၁၉၈၇ ခုနှစ် အမျိုးသားစာပေဆု ဆုရွေးချယ်ရေးအဖွဲ့
# ကလေးစာပေဆု အဖွဲ့ငယ်၏ မှတ်ချက်

၁၉၈၇ ခုနှစ်တွင် ရေးသားခဲ့သော မြေလတ်မောင်မြင့်သူ၏ "ကြက်တောင်စည်းနှင့် မစံပယ်" စာအုပ်သည် စနစ်တကျ စပ်ဆိုမှု မှန်ကန်ခြင်း၊ ကာရန်ချော၍ ကလေးဓာတ်နှင့် နီးစပ်ပေါ်လွင်ခြင်း၊ မိမိတို့ ပတ်ဝန်းကျင်ကို စိတ်ဝင်စားစေရန်နှင့် ကျေးငှက်ပန်းမန်များကို အလုံ့ရူးနိုက် ချစ်ခင်တတ်စေရန် လမ်းပြခြင်း၊ လူကြီးမိဘနှင့် တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေးအတွက် အက္ခရာစဉ်အလိုက် စပ်ဆိုသီကုံးမှုမှာ နှစ်သက်ဖွယ်ဖြစ်ခြင်း၊ မြန်မာ့ကျေးလက်၏ သာယာပုံ၊ ဇာတိမာန်အတွက် နိုးဆွပုံ၊ မူးယစ်ဆေးဝါးအန္တရာယ်ကို ညွှန်ပြပုံ စသော ဦးတည်ချက်များတွင် စပ်ဆိုသူ၏စေတနာ ပေါ်လွင်သည်။ စပ်ဆိုနည်း သိမ်မွေ့သည်။ အားပေးဂုဏ်ပြုထိုက်သော ကလေးကဗျာများ ဖြစ်သည်။